**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ရေး(၁၆) ရက်တာ လှုပ်ရှားမှုအား**
**ကရင်အမျိုးသမီးအစည်းအရုံး၏သတင်းစကား**
**ဆောင်ပုဒ် "အမျိုးသမီးတိုင်းသည် ထိုက်တန်သော လုံခြုံမှု၊တန်းတူညီမျှမှု၊**
**လေးစားမှုရရှိရမည်"**

၂၅.၁၁.၂၀၂၅

ကရင်အမျိုးသမီးအစည်းအရုံးသည် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ရေး(၁၆) ရက်တာ လှုပ်ရှားမှု အစီအစဉ် ကို ယခုနှစ်တွင် ထပ်မံ ကျင်းပပြုလုပ်နေပါသည်။ ဤ(၁၆)ရက်တာလှုပ်ရှားမှု အစီအစဉ်သည် နှစ်ပေါင်းများစွာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၅ ယခုနှစ်တွင် **"အမျိုးသမီးတိုင်းသည် ထိုက်တန်သော လုံခြုံမှု၊တန်းတူညီမျှမှု၊လေးစားမှုရရှိရမည်"** ဟုသည့် ဆောင်ပုဒ်ဖြင့် လှုပ်ရှားမှုကမ်ပိန်းကို ကျင်းပပြုသွားမည်ဖြစ်သည်။

မိမိတို့နယ်မြေဒေသအရ ဒုက္ခသည်စခန်းများအတွင်း သော်လည်ကောင်း ကော်သူးလေနယ် မြေအတွင်း သော်လည်ကောင်း အမျိုးသမီးများ၏အခြေအနေအပေါ်မူတည်ပြီး မိမိတို့သည်တစ်နှစ်နှင့်တစ်နှစ်မ တူသည့် ဆောင်ပုဒ်ဖြင့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ရေး(၁၆)ရက်တာလှုပ်ရှားမှုကမ်ပိန်းကို ကျင်းပပြုလုပ်လျက်ရှိသည်။

ကရင်အမျိုးသမီးအစည်းအရုံးသည် ယခင်နှစ် ဆောင်ပုဒ်ဖြစ်သော **"မည်သူ မဆို ဥပဒေအထက် တွင် မရှိ စေရ"** ဆိုသည့် ဆောင်ပုဒ် ကဲ့သို့ မိမိတို့ နယ်မြေဒေသတွင်းတွင် တရားဥပဒေစိုးမိုးမှုမရှိ ခြင်နှင့် ပြစ်မှုကျူးလွန်သူများအနည်းငယ်သာ အပြစ်ပေးခံရပြီးအထူးသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ အပေါ်ထိ ရောက်သည့်အရေးယူဆောင်ရွက်မှု အားနည်းခြင်းကြောင့် **"မည်သူ မဆိုဥပဒေအထက်တွင် မရှိ စေရ"** ဆိုသည့် ဆောင်ပုဒ် ကို မိမိနယ်မြေအတွင်း အဓိက အကြောင်းအရာ နှင့် အဓိက သတင်းစကား အဖြင့် ဖန်တီးပေးရမည်ဖြစ်သည်။

ယခုနှစ်၏ဆောင်ပုဒ်သည် **"အမျိုးသမီးတိုင်းသည် ထိုက်တန်သော လုံခြုံမှု၊တန်းတူညီမျှမှု၊ လေး စား မှု ရရှိရမည်"** ဆိုသည့်ဆောင်ပုဒ်အရ လက်ရှိ မိမိတို့ နယ်မြေဒေသအတွင်းတွင် အမျိုးသမီးများသည် ဘေး အန္တာရာယ်မှကင်းလွတ်ခြင်း၊တန်းတူ ညီမျှခြင်း နှင့် လေးစားမှုများ မရှိခြင်းကြောင့် ဖြစ် သည်။ ထို့အ ပြင်အချို့သောအမျိုးသမီးများသည် သွားလာရေး မလုံခြုံခြင်း၊ အတင်းအဓမ္မပြု ကျင့် ခံ ရ ခြင်း၊ တ ချို့ အိမ်မှာ နေသော်လည်းသွေးသားတော်စပ်သော အဖေ၊ဦးလေးနှင့် ညီအစ်ကိုများအ တင်းအ ဓမ္မပြုကျင့်ခြင်းမှမကင်းလွတ်ကြသည်ကိုတွေ့ရသည်။ မိသားစုအတွင်း ကလေးရယူခြင်း သော် လည် ကောင်း၊ ကလေးပြုစုပျိုးထောင်ရခြင်းသော်လည်ကောင်း ဆုံးဖြတ်ချက် ချမှတ်ရာတွင် တန်းတူညီမျှမှု မ ရှိပေ။ ထို့အပြင် လုပ်ငန်းခွင်များမှာလည်း တန်းတူညီမျှမှု မရှိသည်ကို ကြုံတွေ့ရင်ဆိုင်နေရသည်။

စစ်ပဋိပက္ခအတွင်း အမျိုးသမီးများ၏ လုံခြုံရေးမရှိနေခြင်းသည်အဆိုးဆုံးအခြေအနေဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အုပ်စုမှ တရားမဝင်အာဏာစသိမ်းချိန်က စပြီး **စစ်အုပ်စု ၏ လက်နက် ကြီး ပစ်ချခြင်း၊ လေ ယာဉ်ဗုံးကျဲ တိုက်ခိုက်ခြင်းနှင့် ဒရုန်း အားဖြင့် ဗုံးကျဲ တိုက်ခိုက်ခြင်းကြောင့် အနည်းဆုံး အမျိုးသမီး (၇၈၃) ဦး ထိခိုက်ဒဏ်ရာများရရှိခြင်းနှင့် သေဆုံးမှုများရှိသည်**။ ထို့ကြောင့် အမျိုးသမီးများသည် မည် သည့် နေရာတွင်မဆို ဘဝလုံခြုံစွာအသက်ရှင်သန်မှုမရှိခြင်းနှင့် တန်တူညီမျှခြင်း ၊လေးစားမှု မ ရှိ ခြင်း တို့ ကိုလည်း ခံစားကြရသည်။

ထို့သို့သောအခြေအနေကြောင့် "အမျိုးသမီးတိုင်းသည် ထိုက်တန်သော လုံခြုံမှု၊တန်းတူညီမျှမှု၊ လေး စား မှုရရှိရမည်" ဟု ခံစား လာစေရန်အတွက် အတူတကွ လှုပ်ရှားဆောင် ရွက်ကြရ မည့် အ ချိန် ကျ ရောက်ပြီဖြစ်သည်။ ထို့အပြင် အမျိုးသမီးများအပေါ် လေးစားမှု ရှိခြင်း၊အမျိုး သမီးများ ကို ဥပဒေ အားဖြင့် ကြိုတင်တား ဆီးကာကွယ်ခြင်း၊ လုပ်ငန်းခွင် အတွင်းအမျိုးသမီးများ စိတ်လုံ ခြုံမှု ရှိခြင်း နှင့် တန်း တူညီမျှစွာ ဆက်သွယ်ဆက်ဆံခြင်း စသည်တို့ကို သေချာစေရန် လူမှုအဖွဲ့အစည်း အ တွင်း ခေါင်း ဆောင် တာဝန်ရှိသူ များနှင့် နယ်မြေတာဝန်ရှိခေါင်ဆောင်များ လေးလေး နက်နက် ဆောက်ရွက် ရမည် ဖြစ်သည်။

စည်းလုံးခြင်းဖြင့်အောင်မြင်မှုဆီသို့

ဗဟို အလုပ်အမှုဆောင်ကော်မတီ
ကရင်အမျိုးသမီးအစည်းအရုံး